# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၃၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၈ - ၁၁ - ၂၀၁၄ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရန်ကုန် စက်မှုဇုန်အပိုင်း(၄)အား ဖွဲ့စည်းပုံအခြေခံဥပဒေ (၄၄၃)နှင့် (၄၄၅) အရ လ/န(၃၉) လျှောက်ထားခြင်းကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရရှိရေး အတွက် ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းသည့်** မေးခွန်း၊

( ခ ) ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်၏ **မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ မြေပြင်သာအုပ်စု သန်းကုန်းမှ မြို့လုလင်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင်အသုံးပြုခဲ့သော ကျောက်ခင်းလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **လွိုင်ကော်မြို့ စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့်ထူထောင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **လှည်းကူးမြို့နယ်၊ မအူကျေးရွာကို ပဲခူးမြစ်ရေ တိုက်စားမှုမှ ထိရောက်စွာ ကာကွယ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကန်ပက်လက်မြို့နယ်၊ မာကြားအုပ်စုမှ ခါရိုင်းအုပ်စုသို့ ဆက်သွယ်သွားလာနိုင်မည့် မုန်းချောင်းသံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဗိုလ်မှူးဇဝန၊ တပ်မတော်သားကိုယ်စားလှယ်၏ **နေ့စဉ် မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည်အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသော ဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃ဝ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၃၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။